www.burmeseclassic.com

မန္တလေးမြို့ မြန်မာဘုရင်ဇကာရောဇာမင်းမြတ် ခိုးမြှင့်တော်မူသော ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ၊ ထို့နောက် မြန်မာနိုင်ငံ ဘုရင်ခံမင်းမြတ် ခိုးမြှင့်တော်မူသော ရွှေနာရီနှင့်ဂုဏ်ထူးဆောင်လက်မှတ်ရ

ပုဏ္ဏားတော်ပညာရှိဆရာကြီး ဦးစိန္တာဇော်သား ပုဏ္ဏားတော်နတ္ထတ်ဝေဒင်ပညာရှိ ဆရာကြီးဦးလောတောသရုန့်သား ဆရာလင်း၊ မြေး ဆရာဦးအောင်သန်း တို့ ရေးသားသော

၁၃၇၄

၁၃၇၅–ခုနှစ် မန္တလေး မဟာ သင်္ကြန်စာ။

BURMESE CLASSIC .com



၁၃၇၅

ဇေယတုသဗ္ဗမင်္ဂလာ။ ။ မြန်မာသက္ကရာဇ် ၁၃၇၄ခုနှစ်၊ နောင်းတန်ခူးလဆန်း(၄)ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁၄)ရက်၊ တနင်္ဂနေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စံတော်ချိန် နံနက်စာက်(၄)နာရီ (၆)မိနစ်(၂)စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နောင်းတန်ခူး လဆန်း(၅)ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁၅)ရက်၊ တနလာနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နောင်းတန်ခူးလဆန်း (၆)ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၁၆)ရက်၊ အင်္ဂါနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စံတော်ချိန် နံနက် စက်(၈)နာရီ၊ (၁၀)မိနစ်(၄၄)စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်၍ ၁၃၇၅ခုနှစ်သို့ ကူးတ။ ၁၃၇၅ခုနှစ်၊ ဦးတန်ခူးလဆန်း (၇)ရက်၊ ၂၀၁၃ခုနှစ် ဧပြီလ (၁၇)ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်း(၁)ရက်ဖြစ်သည်။ယခုနှစ်တွင် မဟာဘုတ်တွက်ဂိန်းအရ တနလာ ကြိုဟ်သည် အထွန်းအိမ်တွင်ရှိသောကြောင့် တနလာနံထွန်း၍ ဗုဒ္ဓဟူးကြိုဟ်သည် ပုတိအိမ်တွင်ရှိသောကြောင့် ဗုဒ္ဓဟူးနံ ပုပ်သည်။ ယခုနှစ်တွင် အင်္ဂါနေ့တွင် အတာတက်သောကြောင့် အင်္ဂါသား၊ သမီးများ အတာစားသည်။

ဇေယတုသဗ္ဗမင်္ဂလာ။ ။ အချင်းယူဇနာ(၅၀)၊ လုံးဝန်း ယူဇနာ(၁၅၀)ရှိသော၊ အတွင်းကရွေ့ အပကားဖန်ဖြင့်ပြီးသော ရောင်ခြည်တစ်ထောင်အလင်းဆောင်သော ဘဂဝရာဇာ မည်သော တနင်္ဂနွေကြိုဟ်မင်းသည်တပေါင်းဖြစ်သော မိန်ရာသီ ရေဝတီနက္ခတ် စတုတ္ထပါဒ်အဆုံး အဝသန် နဝင်းထက်မှသည် တန်ခူးဖြစ်သော မိသရာသီ အသဝဂီနက္ခတ်၊ ပထမပါဒ် အာဒိအင်္ဂါ(ဝဂ္ဂုတ္တာမနဝင်း)ထက်သို့ မြန်မာသက္ကရာဇ် ၁၃၇၄ခုနှစ်၊ နောင်းတန်ခူးလဆန်း (၄)ရက်၊ **ကုံရာသီ သုဒ္ဓလင်၊ ပြိဿရာသီ သုဒ္ဓစန်း၊ ဒုတိယတနလာဟောရတ်၊ သောကြာတြင်း၊ ဗုဒ္ဓဟူးနဝင်း၊ စနေဒွိဒေသင်း၊ သောကြာတိ၁သင်း၊ လင်စီးနက္ခတ်(၂၄)လုံး (၂)ပါဒ်(၆)ယဒို(၂၃)ဝိယဒို ထက် လင်စီးလျှက်** ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁၄)ရက်၊ တနင်္ဂနေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ စံတော်ချိန် နံနက်စက်(၄)နာရီ (၆)မိနစ်၊ (၂)စက္ကန့်အချိန်တွင် ဘာဂဝရာဇာမည်သော ***တနင်္ဂနေကြိုဟ်မင်းသည် ကြာဝတ်ဆံ့အဆင်းနှင့်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျှက် နဂါးကိုစီး၍ လက်တဘက်ကား မျှား၊ လက်တဘက်ကား လွှား ကိုကိုင်လျှက်၊ အရှေ့မြောက်ထောင့်ကသည် အနောက်ထောင့်သို့ဝင်၏။ နန္ဒာဒေဝီနတ်သမီးကား အလှည့်ခေ၍ ပရမိသွာနတ်မင်း၏သား အာသီအမည်ရှိသော ဗြဟ္မာမင်း၏ ဦးခေါင်းကို ကမ်းသည်ရှိသော်၊ ကညာဒေဝီနတ်သမီးကား ခရီးဦးကြိုဆိုရ်ခြင်း ရပ်ဆောင့်နေလျှက် လှမ်းလင့်၏။ ဓံသီဒေဝီနတ်သမီးကား အပြုံ၊ အနီ၊ အစိမ်း၊ အပြာ၊ အဝါအားဖြင့် ငါးပါးသော အဆင်းဖြင့်ပြီးသော အဝတ်တန်ဆာကိုဝတ်ဆင်လျှက် သင်္ကြန်မင်းကို စောင့်လင့်၏။***

တနင်္ဂနွေသားသမီးများသည် ယခုနှစ်တွင် လုပ်သမျှကိုင်သမျှ ပရိယာယ်ကြွယ်ဝစွာ လုပ်ကိုင်ပါမှ အောင်မြင်မည့်နှစ်ဖြစ်သည်။ ပညာရေး ကောင်းနေမည်။ အတွေးအခေါ်ပိုင်း တိုးတက်လာမည်။ ဝင်သမျှငွေ စုဆောင်းနိုင်မည့်နှစ်ဖြစ်သည်။ မောင်နမသားချင်းများ ကျွန်းမာရေးညံ့တတ်သည်။ ယခုနှစ်တွင် မင်္ဂလာမဆောင်သင့်ပါ။ အင်္ဂါနံ၊ သောကြာနံပစ္စည်းများနှင့်ပတ်သက်၍ အရောင်းအဝယ်မလုပ်သင့်ပါ။ ချစ်သူ ရည်းစားများ ကျွန်းမာရေးညံ့တတ်သည်။ အိမ်ထောင်ဘက်၏ ကျွန်းမာရေးညံ့မှုကြောင့် စိတ်ဆင်းရဲရတတ်သည်။ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်၍ အောင်မြင်မည့်နှစ်ဖြစ်သည်။ **ယတြာ။ ။ မွေးနေ့နံနက်တွင် ကုံကော် (၂) ညွှန့်ကို မွေးနံဘေးတွင် လှူဒါန်း၍ လိုရာဆုတောင်းပါလေ။**

တနင်္လာသားသမီးများသည် ယခုနှစ်တွင် လုပ်သမျှ အရာထင်မည့်နှစ်ဖြစ်သည်။ စိတ်ချမ်းသာမှုရရှိမည့်နှစ်ဖြစ်သည်။ အိုးပိုင်၊ အိမ်ပိုင်ရမည့်နှစ်ဖြစ်သည်။ ရာထူးတိုးတက်လိမ့်မည်။ နိုင်ငံရပ်ခြားခရီးသွားလျှင် သတိထားပါ။ အင်္ဂါ၊ သောကြာ သားသမီးကြောင့် စိတ်ဆင်းရဲစရာ ကြုံရတတ်သည်။ ရွှေ အလိမ်ခံရတတ်သည်။ အိမ်ထောင်မပြုသင့်သောနှစ်ဖြစ်သည်။ အောက်လက်ငယ်သားများကူညီမှုကြောင့် ဂုဏ်သတင်းကျော်ဇောလိမ့်မည်။ ကားပိုင်ဝယ်ရလိမ့်မည်။ ယခင်နှစ်ကထက်ဈာလျှင် ယခုနှစ် ကံကောင်းနေလိမ့်မည်။ **ယတြာ။ ။ မွေးနေ့ နံနက် (၉:၄၅) မိနစ်တွင် နွားနို့ (၇) ခွက် မွေးနံဘေးတွင် လှူဒါန်း၍ လိုရာဆုတောင်းပါလေ။**

အင်္ဂါသားသမီးများသည် ယခုနှစ်တွင် အခက်အခဲအကြပ်အတည်းပေါင်းများစွာနှင့် ကြုံတွေ့ရသော်လည်း ရင်ဆိုင်ဖြေရှင်း၍ အောင်မြင်မှုရလိမ့်မည်။ စီးပွားရေးကျဆင်းနေသည်ဟု ထင်ရသော်လည်း ဝင်ငွေတည်ငြိမ်နေမည်။ နယုန်၊ ဝါဆို၊ တော်သလင်း၊ ပြာဆိုလများတွင် လုပ်ငန်းထဲ၌ ဆုံးရှုံးမှုများ ကြုံတွေ့ရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးတစ်ဦး၏ ဖိအားပေးမှုကို ခံစားရမည်။ အင်္ဂါသားများ၊ ဇနီးနှင့် ကွာရှင်းပြတ်စဲရတတ်သည်။ ချစ်သူ၏ အထင်မှားခြင်းကိုလည်း ခံရတတ်သည်။ နတ်တော်၊ တပို့တွဲ၊ တပေါင်း၊ ကံကောင်းမည့်လများဖြစ်သည်။ ရေလမ်းခရီးသွားခြင်းနှင့် ရေချိုးခြင်းကို အထူးသတိထားဆင်ခြင်ပါ။ **ယတြာ။ ။ မွေးနေ့နံနက်တွင် အုန်းသီး(၆)စိတ်ကိုနို့စိမ်းဆမ်း ၍ ဘုရားအား လှူဒါန်းပါလေ။**

ဗုဒ္ဓဟူးသားသမီးများသည် ယခုနှစ်တွင်စိတ်ဓာတ်အင်အားကို မြှင့်တင်ထားပါ။ တစ်နှစ်တာပတ်လုံး စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းကို ရှောင်ရှားပါ။ ဝါဆိုလတွင် အခက်အခဲ အနည်းငယ် ကျော်ဖြတ်ရလိမ့်မည်။ တော်သလင်းလတွင် လုပ်သမျှ အောင်မြင်ရန် အခွင့်အလမ်းများနှင့် ကြုံတွေ့ရတတ်သည်။ အနောင့်အယှက်ပေးမည့်သူများရှိနေသော်လည်း ရင်ဆိုင်၍ အနိုင်ရမည်။ ယခုနှစ် တစ်နှစ်လုံးတွင် စီးပွားရေးလုပ်ငန်းသစ်များ တည်ဆောက်ခြင်းကို ရှောင်ရှားပါ။ ।ဆွေမျိုးများအတွက် အာမခံခြင်းကိုလည်း သတိထားပါလေ။ မင်္ဂလာမဆောင်သင့်သောနှစ်ဖြစ်သည်။ ပညာရေးကောင်းနေမည်။ **ယတြာ။ ။ နေ့စဉ်နေ့တိုင်း အိပ်ယာနိုးကာစတွင် မေတ္တာသုတ် (၉) ခေါက်ရွတ်ပါလေ။**

ကြာသပတေးသားသမီးများသည် ယခုနှစ်တွင် အိမ်ထောင်ရေး၊ အိမ်တွင်းရေး၊ လူမှုဆက်ဆံရေးလုပ်ငန်းခွင်များတွင် သိမ်မွေ့နူးညံ့စွာ ပြောဆိုဆက်ဆံ၍မည့်နှစ်ဖြစ်သည်။ မည်သူ့ကိုမျှ တွန်းအားမပေးပါနှင့်၊ တည်ငြိမ်အေးချမ်းစွာဖြင့် လုပ်ငန်းများကို လုပ်ကိုင်ပါမှ အောင်မြင်မှုရလိမ့်မည်။ အိမ်ကိစ္စ၊ မြေကိစ္စ၊ ရာထူးတိုးတက်ရေးကိစ္စရပ်များကို အတိုက်အခံဝကားပြောရလိမ့်မည်။ မုဆိုးဖို (သို့မဟုတ်) မုဆိုးမတစ်ယောက်ကြောင့် စိတ်ဆင်းရဲစရာကြုံမည်။ ပညာဇေးရေးတွင် စာကျက်၍ရသလောက် အတွေးအခေါ်ညံ့သည်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စရပ်တွင် သောကြာသားသမီးကြောင့် စိတ်ဆင်းရဲရမည်။ ကျွန်းမာရေးကောင်းမည်။ **ယတြာ။ ။ ကုံကော် (၂) ညွှန့်၊ မေမြိုပန်း (၅) ပွင့်၊ မွေးနေ့နံနက် အိမ်ဘုရားတွင် လှူဒါန်း၍ ဆုတောင်းပါလေ။**

သောကြာသားသမီးများသည် ဂျာနစ်တစ်နှစ်လုံးတွင် အတိုက်အခံ အနောင့်အယှက်များနှင့် ကြုံတွေ့ရတတ်သည်။ ဒေါသနည်းနိုင်သမျှနည်းအောင် နေထိုင်ပါလေ။ တနင်္လာ၊ တနင်္ဂနွေသားသမီးများကြောင့် အနည်းငယ်စိတ်ချမ်းသာမှုရတတ်သည်။ ဝန်ထမ်းများ အလုပ်နေရာပြောင်းရွှေ့ရတတ်သည်။ ပြောင်းသောနေရာ မကောင်းတတ်ပါ။ ယခုနှစ်တွင် အိမ်ထောင်ဘက်ကြောင့်လည်းကောင်း၊ သွေးချင်းသားချင်းများ ကြောင့်လည်းကောင်း၊ သွေးထွက်သံယိုဖြစ်ရတတ်သည်။ မထင်မှတ်ဘဲ နိုင်ငံရပ်ခြားခရီး၊ ခရီးဝေး သွားရတတ်သည်။ ရွှေမဝယ်သင့်ပါ။ ဆေးရုံ၊ ဆေးတိုက်သွား၍ လူနာမစောင့်သင့်ပါ။ ကျောင်းသား ကျောင်းသူများ စာကျက်၍မရဖြစ်တတ်သည်။ **ယတြာ။ ။ သောကြာနေ့ညနေတွင် မုဆိုးမတစ်ဦးအား ခရီးစရိတ်ထောက်ပါလေ။**

BURMESE CLASSIC .com

စနေသားသမီးများသည် ယခုနှစ်တွင် ဖျင်းရိနေတတ်သည်။ ဆွေမျိုးမိသားစုနှင့် ဆက်နွယ်သောလုပ်ငန်းများ ဆောင်ရွက်ရမည်။ အောင်မြင်လိမ့်မည်။ မထင်မှတ်ဘဲ အမွေရလိမ့်မည်။ ကျဆင်းနေသော စီးပွားရေး ပြန်လည်ဦးမော့လာလိမ့်မည်။ ဝန်ထမ်း ဖြစ်ပါက ရာထူးတစ်ဆင့်တက်မည်။ သူတစ်ပါး၏ ကျွန်းမာရေး ကူညီရမည်။ အိမ်ထောင်ရှင်များ သားရတနာရတတ်သည်။ သောကြာသားသမီးတစ်ဦးကြောင့် ခရီးသွားရတတ်မည့်အစီအစဉ်များ ပျက်ပျယ်သွားလိမ့်မည်။ ငွေရေးကြေးရေးအမခံခြင်း လုံးဝမလုပ်ပါနှင့်။ အတွေးအခေါ်နှင့် ပညာရေးပိုင်းတွင် ကောင်းမွန်နေမည်။ အောက်တိုဘာနောင်းပိုင်းတွင် နိုင်ငံရပ်ခြားသွားရတတ်သည်။ ရေလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု လုံးဝမပြုလုပ်သင့်ပါ။ **ယတြာ။ ။ ပေါင်မုန့် (၅) ချပ်အား မွေးနေ့နံနက်တွင် ဘုန်းတော်ကြီး (၁) ပါးအား ဆွမ်းအဖြစ်လောင်းပါလေ။**

မိဘီးကောင်းအုံ၊ မိုးလယ်၊ မိုးနှောင်းတုံ့အုံ၊ ပြည်ကြီးကို ပြည်ငယ်နိုင်စပြုအုံ၊ သူဌေး၊ သူကြွယ်၊ ကုန်သွယ်၊ လယ်လုပ်တို့သည် ဥပဒ်ဖြစ်ကုန်အုံ၊ ရေပိုး၊ သားငါး များအုံ၊ အတောင်ရှိသော ကျေးငှက်တို့သည် ဥပဒ်ဖြစ်ကုန်အုံ၊ ကွမ်းသီး၊ ငရုပ် စွံ့အုံ၊ (ဤကား အတာသင်္ကြန်အလိုတည်း)

သင်္ကြန်သုံးပါးတွင် သာမန္တသင်္ကြန်ဖြစ်သောကြောင့် မဟာသင်္ကြန်ကျသောအချိန်တွင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ သားသမီးတို့သည် မိမိတို့၏ ဂြဟပတိအရပ်သို့သွားလျှင် ဂြဟဇာပွင့်ရာ **အနောက်**အရပ်သို့ မျက်နှာမူလျက် စတုလောကပါလသာသနာတော်ဓောင့် သမာဒေ နတ်ကောင်းနတ်မြတ်တို့နှင့် မိဘဆရာသမားတို့အား ပဿပူဇော် ကန်တော့ပြီးလျှင် သစ်ပင်ရင်း၌ ဦးခေါင်းဆေးလျှော်ခြင်းမင်္ဂလာအမှုပြုရာ၏။ ထိုသို့ဦးခေါင်းဆေးလျှော်ခြင်း အကျိုးကား ကောင်းကျိုးချမ်းသာ သုခမင်္ဂလာ များစွာပြည့်စုံရာ၏။ မဟာသင်္ကြန်ကျသောရက်များအတွင်း ရှောင်ကျဉ်ရာကား – အိမ်ရာမမှား၊ သားငါးသုတ်သင်၊ သစ်ပင်ခုတ်ဖြတ်၊ ပုတ်ခတ်ငိုကြွေး၊ ကိုယ်သွေးထုတ်ခြင်း၊ ဆီးနေနွင်းခါးသောက်ခြင်း၊ သေစာ၊ ဥစ္စာထုတ်သွင်းရောင်းဝယ်ခြင်း၊ အောင်တမန်လွှတ်ခြင်း၊ ငွေဖြန်းတီးခြင်းစသော (၁၀)ပါးသော အမှုတို့ကို ရှောင်ကျဉ်ရာ၏။ (ဤကား သံမိဌမဟာသင်္ကြန် စကားပြေကျမ်းသစ်အလိုတည်း)

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နောင်းတန်ခူးလဆန်း (၆)ရက်၊ ပြိဿရာသီ သုဒ္ဓလင်၊ မေထုံရာသီ သုဒ္ဓစန်း၊ ပထမတနလာဟောရတ်၊ ဗုဒ္ဓဟူးတြင်း၊ အင်္ဂါနဝင်း၊ သောကြာဒွိဒေသင်း၊ ကြာသပတေး တိ၁သင်း၊ လင်စီးနက္ခတ် (၃)လုံးပဒ်ပြည့်၊ (၁၃)ယဒို၊ (၃၉)ဝိယဒို ထက်လင်စီးလျှက် ၂၀၁၃ ခုနှစ်၊ ဧပြီလ (၁၆)ရက်၊ အင်္ဂါနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမြန်မာစံတော်ချိန် နံနက် စက်(၈)နာရီ (၁၀)မိနစ်၊ (၄၄)စက္ကန့်အချိန်တွင် (၃၆၅)ရက်၊ (၆)နာရီ (၁၂)မိနစ် (၃၆.၅၆)စက္ကန့်ပြည့်၍ သုရိယသိद္ဓန္တ ကြမ္ဘတ္တဗိုလ်ပြိုသည်နှင့်အညီ အတာနစ်သစ် ၁၃၇၅ ခုနှစ်သို့ တက်၏။ ထိုသို့အတာတက်သောအခါ ***တနင်္ဂနွေ၊ တနင်္လာ သားသမီးများသည်*** မိမိတို့၏ ဂြဟပတိအရပ်သို့သွားပြီးလျှင် ဂြဟဇာပွင့်ရာ **အနောက်တောင်ထောင့်**အရပ်သို့ မျက်နှာမူလျက် သစ်ပင်ရင်း၌ ဦးခေါင်းဆေးလျှော်ခြင်းမင်္ဂလာအမှုပြုရာ၏။ ထိုသို့ဦးခေါင်းဆေးလျှော်ခြင်း မင်္ဂလာအမှုပြုပြီးလျှင် ကောင်းမွန်ထူးခြား ဝတ်စားဆင်ယင် တန်ဆာဆင်လျှက် ဘုန်းအင်သက္ကဲ မြတ်ဇိန်နှင့် ဓမ္မ သံယာ၊ ဆရာမိဘ ဘိုးဘွားတို့အား ပူဇော်ကန်တော့ပြီးလျှင် ကုံကော်ညွှန့်ကိုကိုင်ဆောင်ပန်ဆင်ခြင်းပြုလျက် ဖြည့်တင်းအတာစားကုန်ရာ၏။ အတာစားရသောအကျိုးကား ကောင်းကျိုးချမ်းသာ သုခမင်္ဂလာအပေါင်းနှင့်ပြည့်စုံရာ၏။

အတာဆန်းထူး နှစ်ဟောင်းကြူး၍ တန်ခူးလည်သည် နှစ်အမည်ကား သရဝဏ္ဏနှစ်တည်း။ နှစ်ကိုမိကျောင်းဓောင့်၏။ လကိုယန်ဓောင့်၏။ ရက်ကို သင်္ကြန်ဓောင့်၏။ မြေကို ကမ္ဘာ့ဘီးလူးဓောင့်၏။ ကောင်းကင်ကိုကြက်ဓောင့်၏။ ရေကိုမဂါရ်ဓောင့်၏။ မိုလ်းကိုလင်းတဓောင့်၏။ တောကိုဆင်ဓောင့်၏။ လူတို့အမိပတိကား ဘုရား။ အခြေ(၄)ခုတို့အမိပတိကား မိကျောင်း၊ ငှက်တို့အမိပတိကား ကျီး၊ သစ်ပင်တို့အမိပတိကား သရက်ဖြူ။ ပါးတို့အမိပတိကား ကြသောင်း၊ မြက်တို့အမိပတိကား မြက်ခါး။ နက္ခတ်(၇)လုံး ဝတ်၏။ (၈)လုံး ပေါ်၏။ **ထိုနေ့ကြောင့် တန်ခူးလ** မိုးဦးကောင်းလိမ့်မည်။ အချို့အရပ်ဒေသတွင် ပူပြင်းတတ်သည်။ ကြီ၊ နှမ်း အနည်းငယ်ရေးတက်လိမ့်မည်။ ဆန်စပါးရေးကျတတ်သည်။ နို့ထွက်ကုန်ပစ္စည်းများ ရေးကျတတ်သည်။ ကျွဲ၊ နွားများ ကျန်းမာရေးညံ့တတ်သည်။ အဝတ်အထည်၊ ဂျို့ ကောက်ကြီးစပါး၊ ရေမွှေးနံ့သာပစ္စည်းများ ရေးနှန်းကမောက်ကမ ဖြစ်တတ်သည်။ ပင်လယ်ကမ်းခြေဒေသများ၌ လေထန်တတ်၍ လေဖိအားအနည်းအများကို ဆိုးပါးစွာ ပြောင်းလဲစေလိမ့်မည်။ အနောက်အရပ်ဒေသတွင် အုတ်အုတ်သဲသဲ ဆူညံခြင်း၊ အခြေအတင်အငြင်းပွားခြင်း၊ မိုးခေါင်ရေရှားစေတတ်သော လေပြင်းများ တိုက်ခတ်တတ်သည်။ ပြည်သူ့ဝန်ထမ်းနှင့် ပြည်သူများဆက်ဆံရေးကို အပြင်းအထန် ဝေဖန်ဆွေးနွေးကြလိမ့်မည်။ ဆေးရုံ၊ ဆေးခန်းများ၏ ဘဏ္ဍာရေးအခြေအနေ ကျဆင်းလိမ့်မည်။ အရာရှိများ၏ ဂုဏ်သိက္ခာများ ညှိုးနွမ်းလိမ့်မည်။ ထင်ပေါ်ကျော်ကြားမှုများ ကျဆုံးလိမ့်မည်။ အမျိုးသားဘဏ္ဍာငွေကို နည်းလမ်းအမျိုးမျိုးဖြင့် ကုန်ဆုံးတတ်သည်။ ဘဏ်လုပ်ငန်းများ၊ ကုန်သည်ကြီးများ အောင်မြင်ကြီးပွားတိုးတက်လိမ့်မည်။ **တန်ခူးလပြည့်ကျော် (၁) ရက်နေ့ သောကြာနေ့ လသစ္စကြာတ်၏။ ဗမ်းစ နံနက်စက် မြန်မာစံတော်ချိန် ၀ နာရီ၊ ၃၇ မိနစ်၊ ၅၈ စက္ကန့်။ ဗမ်းလယ် ၂ နာရီ၊ ၄၁ မိနစ်၊ ၁၇ စက္ကန့်။ လွတ်ဆုံးချိန် နံနက် ၄ နာရီ၊ ၄၄ မိနစ်၊ ၃၆ စက္ကန့်။ မြန်မာပြည်မှမြင်ရသည်။**

ကဆုန်လ နိုင်ငံရပ်ခြားဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာလိမ့်မည်။ အငြင်းပွားမှုကိစ္စများ တည်ငြိမ်လာလိမ့်မည်။ နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်ကြီးပွားမှု အောင်မြင်ဖြစ်ထွန်း အေးချမ်းသာယာလိမ့်မည်။ ဆန်စပါးရေး လပြည့်ကျော်လျှင် အနည်းငယ်တက်လိမ့်မည်။ ဝါဂွမ်း၊ အထည်အလိပ် ရေးကဆားလိမ့်မည်။ ကြာသပတေးဂြိုဟ်သည် ကဆုန်လပြည့်ကျော် (၃) ရက်နေ့တွင် ပြိဿရာသီမှ မေထုန်ရာသီသို့ ပြောင်းဝင်လိမ့်မည်။ ထို့အတွက်ကြောင့် စည်ပင်သာယာအခွန်အကောက်များ၊ ဘဏ္ဍာဝင်ငွေများ၊ တိုးတက်ကောင်းမွန်လိမ့်မည်။ တရားဥပဒေနှင့်ပတ်သက်သောသူများ၊ ဘဏ္ဍာရေးနှင့်ပတ်သက်သောသူများ အမျိုးသမီးတေးဂီတပညာရှင်များ၊ အနုပညာရှင်များ၊ ကျန်းမာရေးညံ့တတ်သည်။ အုပ်ချုပ်သူအချင်းချင်း အခြေအတင်အငြင်းပွားရလိမ့်မည်။ အချို့အရပ်ဒေသတွင် အပူလွန်ကဲမှုကြောင့် မီးလောင်မှုများဖြစ်ပွားတတ်သည်။ အမျိုးသမီးများအပေါ်ကျူးလွန်သော ရာဇဝတ်မှုများပြားလိမ့်မည်။ စိတ်မချမ်းမြေ့စရာ ရန်စစော်ကားမှုများ ဖြစ်ပွားအုံ့။ ကျောက်သံပတ္တမြားများ၊ သင်္ကြား၊ ဓာတ်ဆီ၊ ပဲမျိုးစုံ၊ အလှအပဆိုင်ရာပစ္စည်းများ ရေးနှန်းကမောက်ကမ ဖြစ်တတ်သည်။ ဓာတ်ဆီရေးနှန်း မထင်မှတ်ပဲ ခုန်တက်တတ်သည်။ အိမ်၊ မြေ ရေးနှန်းများ ကျဆင်းသွားတတ်သည်။ **လဆန်း (၁) ရက် သောကြာနေ့ နေကြတ်၏။ ကဆုန်လပြည့်ကျော် (၁) ရက် စနေနေ့ လကြတ်၏။ မြန်မာပြည်မှ နေကြတ်၊ လကြတ် (၂) ခုစလုံးမမြင်ရပါ။**

နယုန်လ လူတို့ရာသီဥတုကြောင့် ကျန်းမာရေးညံ့တတ်သည်။ လပြည့်ကျော် (၁) ရက်နေ့တွင် တနလာနေ့ကြုံသောကြောင့် မိုးကြီး၊ သည်းထန်စွာရွာသွန်းတတ်သည်။ ဝါဂွမ်း၊ နှမ်း၊ ပဲမျိုးစုံ ရေးကောင်းရတတ်သည်။ အလွန်မိုးကောင်း၍ ရေကြီးမှုများ ကြုံတွေ့ရတတ်သဖြင့် တိုင်းသူပြည်သားတို့ ဤလတွင် အစစအရာရာ သတိဖြင့်နေထိုင်သင့်သည်။ အချို့အရပ်ဒေသတွင် မိုးခေါင်တတ်သည်။ အနာရောဂါဝေဒနာများပြားတတ်သည်။ အချို့အရပ်ဒေသတွင် မြူမှုန်နှင့်တကွသော မိုးတို့သည် ရွာတတ်အုံ့။ မှောင်ကြီး မှိုင်းကြီး ကျရောက်အုံ့။ ရွှေစျေးအနည်းငယ်တက်လိမ့်မည်။ ခရီးသွားလာရေးယာဉ်လုပ်ငန်းများ ကျဆင်းတတ်သည်။ ပါလီမန်လုပ်ငန်းများ ရှုပ်ထွေးများပြား၍ တက်ကြွလိမ့်မည်။ ဖြေရှင်းရခက်ခဲသော ပြဿနာများ ကြုံတွေ့ရတတ်သည်။ ဆန်စပါးရေးကျတတ်သည်။ မြေငှားလျှင် ကျရောက်လိမ့်မည်။ ကြက်ငှက်ရောဂါများ ဖြစ်ပွားခြင်း၊ ရေနေတိရိစ္ဆာန်များ ပျက်စီးခြင်း၊ ပင်လယ်အတွင်းနှင့် ပင်လယ်ကမ်းခြေဒေသတွင် နေထိုင်သူများ ပျက်စီးဆုံးရှုံးရတတ်သည်။ စာမူခများတိုးတက်ပေးရမည်။ ပြည်သူ့ဝန်ထမ်းများ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းတတ်သည်။ အဆင့်မြင့်သော နေရာဌာနများတွင် အရှုပ်တော်ပုံများ ပေါ်ပေါ်ကိုလိမ့်မည်။ ဘဏ္ဍာရေး အကြပ်အတည်း ပေါ်ပေါ်ကိုတတ်သည်။

ဝါဆိုလ ဆန်ရေစပါး ပေါများတတ်သည်။ ဆီစျေးကျတတ်သည်။ လပြည့်နေ့၌ မိုးရွာလျှင် ဆန်စပါးစျေးတောင့်ခံနေတတ်သည်။ ဝါဆိုလပြည့်ကျော် (၁၁) ရက်နေ့၌ မိုးရွာလျှင် ဆန်၊ စပါးစျေး ကောင်းမွန်လိမ့်မည်။ အောက်ပိုင်းဒေသများတွင် မိုးကောင်းမွန်လိမ့်မည်။ ကုန်စျေးနှုန်းများ တတ်တတ်သည်။ လယ်ယာမြေ၌ ရေဝပ်သဖြင့် ကောက်ပဲစပါး ပျက်ပြားဆုတ်ယုတ်တတ်၏။ ကောက်ကြီးစပါး ရှားတတ်သည်။ ကြာသပတေးဂြိုဟ်သည် အလွန်အသွားမြန်နေသဖြင့် ဘာသာရေးနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များ၊ တရားရေးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များ ကျန်းမာရေးလွန်စွာညံ့ဖျင်းတတ်သည်။ ဆေးရုံ၊ ဆေးပေးခန်းများ၏ လုပ်ငန်းဆောင်တာများ၊ ဘဏ္ဍာရေး အခြေအနေများ ကျဆင်းတတ်သည်။ လွှတ်တော်အတွင်း အခြေအနေကောင်းမွန်နေလိမ့်မည်။ အမွှေးနံ့သာပစ္စည်းများ၊ အဝတ်အထည်ပစ္စည်းများ၊ ရွှေရည်စိမ်မပစ္စည်း ရေးနှုန်းကောင်းမွန်လိမ့်မည်။ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ကျန်းမာရေး ညံ့သွားတတ်သည်။ ပြည်သူလူထုများနှင့် ဆွေးနွေးညှိနှိုင်းမှုများ တိုးတက်မှုရှိလိမ့်မည်။ ကြည်းတပ်၊ ရေတပ်နှင့် ပတ်သက်၍ အင်အားတိုးတက်လာလိမ့်မည်။ အမျိုးသားရေးတာဝန် စစ်မှုထမ်းလုပ်ငန်းများ တိုးတက်လိမ့်မည်။ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်များကို ရူးစမ်းမေးမြန်းခံရလိမ့်မည်။ နိုင်ငံတကာ ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လိမ့်မည်။ မဟာမိတ်ဖွဲ့ စီးပွားရေးလုပ်ငန်းများ အောင်မြင်လိမ့်မည်။ စားအုန်းဆီ၊ စားဆီ၊ ဈေးတက်လိမ့်မည်။ အဝတ်အထည်များ ဈေးနှုန်းကစားလိမ့်မည်။ ပြည်သူလူထုများက စည်းကမ်းဥပဒေကို လိုက်နာပြီး ဥပဒေဆိုင်ရာကိစ္စရပ်များကို ရူးစမ်းမေးမြန်းမှုများ ပြုလုပ်လိမ့်မည်။ မော်တော်ကား ရောင်းဝယ်ရေးလုပ်ငန်းများ၊ ခရီးသွားလာရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်လိမ့်မည်။ ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများ၊ ပုဂ္ဂလိကပိုင် သတင်းထုတ်လွှင့်မှုလုပ်ငန်းများ၊ သတင်းစာလုပ်ငန်းများ တိုးတက်ကောင်းမွန်လာလိမ့်မည်။ အများပြည်သူပိုင် အဆောက်အဦးများ ပျက်စီးမှုများပြားတတ်သည်။ ကွန်ပျူတာထုတ်လုပ်ရေးလုပ်ငန်း၊ စာအုပ်စာပေထုတ်ဝေရေးလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်

www.burmeseclassic.com

ကြုံတွေ့ရလိမ့်မည်။ အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် နာမကျန်းမှုများ၊ သေဆုံးမှုများ ဖြစ်ပွားတတ်သည်။ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲတီစိမ်းအပင်များ ပိုးကျတတ်သည်။ လဆန်း (၁၂) ရက်နေ့မှစ၍ မိုးကောင်းမွန်စွာ ရွာသွန်းလိမ့်မည်။ လပြည့်ကျော် (၆) ရက်နောက်ပိုင်း လေဖိအားရပ်ဝန်း (၁) ခု ဖြစ်ပွားလိမ့်မည်။ အမျိုးသမီးများ ကိုယ်ကျင့်တရားပျက်မှု များပြားအုံ့။ စာရေးဆရာများ၊ တွက်ရိုးပညာရှင်များ၊ အနုပညာရှင်များ၊ အတွေးအခေါ်ပညာရှင်များ ကျန်းမာရေး ညံ့ဖျင်းတတ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ လယ်ယာ ထွက်ကုန်လုပ်ငန်းများ ဝင်ငွေတိုးတက်ကောင်းမွန်လိမ့်မည်။ အချို့အရပ်ဒေသတွင် ကောက်ပဲသီးနှံဈေးနှုန်းများ ကမောက်ကမဖြစ်တတ်သည်။ ဝန်ကြီးအဖွဲ့ အပြောင်းအလဲဖြစ်ပေါ်မည်။

သီတင်းကျွတ်လ ပင်လယ်ကမ်းနားပိုင်းတွင် မုန်တိုင်းများဖြစ်ပေါ်လိမ့်မည်။ တပ်မတော်အတွက် ကောင်းမွန်သောကာလဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာလိမ့်မည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လိမ့်မည်။ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး ဂုဏ်သိက္ခာကျဆင်းတတ်သည်။ အမျိုးသမီးသုံးပစ္စည်းများ၊ အမျိုးသမီးများ ဦးဆောင်သော စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာလိမ့်မည်။ ကြီးပွားလာလိမ့်မည်။ စက်သုံးဆီ၊ ရွှေ၊ နှမ်း၊ ဆန်စပါး ဈေးနှုန်းကောင်းမွန်နေလိမ့်မည်။ ရိတ်သိမ်းပြီးစ စပါးများ မိုးမိတတ်သည်။ အထူးသတိထားပါ။ ခရီးသွားလုပ်ငန်းများ၊ မီးရထားလုပ်ငန်းများ တိုးတက်ကောင်းမွန်လာလိမ့်မည်။ စာပေလောကတွင် ရှုပ်ထွေးသောပြဿနာများ ပေါ်ပေါက်တတ်သည်။ အင်္ဂါနိုနှင့်စသော ကုန်ပစ္စည်းများအားလုံး ဈေးကစားလိမ့်မည်။ အလုပ်လက်မဲ့ ပေါများတတ်သည်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ အနည်းငယ်အေးဆေးနေလိမ့်မည်။ အများပြည်သူတို့၏ အကျိုးစီးပွား ကျဆင်းတတ်သည်။ ရွှေဈေးနှုန်း ကောင်းမွန်လိမ့်မည်။ နိုင်ငံတကာတွင် အငြင်းပွားမှုများ၊ အာဏာရှိသူများကြား သဘောထားကွဲလွဲမှုများ ကြုံတွေ့ရလိမ့်မည်။ လက်လုပ်လက်စား လူတန်းစားများ၊ ဆင်းရဲသားများ၊ လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ဆောင်ကြလိမ့်မည်။ နိုင်ငံတကာတွင် အလုပ်သမားလူတန်းစားတို့၏ မကျေမနပ်ဖြစ်မှုများ၊ ဗျားနာမှုများ ဖြစ်ပွားခေလိမ့်မည်။ အချို့အရပ်ဒေသတွင် မိုးရွာသွန်းတတ်သည်။ ဆန်စပါးများ မိုးမိတတ်သည်။ ဆန်စပါးဈေး တိုးတက်လိမ့်မည်။ **လပြည့်နေ့ လကြတ်သည်။ လကြတ်လျှက် လဝင်လိမ့်မည်။ ဖမ်းစ – နံနက် ၄ နာရီ ၂၁ မိနစ်။ ဖမ်းလယ် – နံနက် ၆ နာရီ ၁၉ မိနစ်။**

တန်ဆောင်မုန်းလ အလုံးစုံသော ကုန်ဈေးနှုန်းများ အေးနေတတ်သည်။ စနေဂြိုဟ်ပိုင်ပစ္စည်းများ ဈေးနှုန်းကမောက်ကမဖြစ်တတ်သည်။ ဆက်သွယ်ရေးလုပ်ငန်း၊ ဗျော်ဖြေရေးလုပ်ငန်း၊ သီဆိုမှုလုပ်ငန်းများ၊ စာပေ ထုတ်ဝေရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများရရှိလိမ့်မည်။ ပဂ္ဂလိကလေကြောင်းလိုင်းများ၊ နိုင်ငံတကာသို့ တိုးချဲ့ပျံ့သန်းမှုများ စတင်လိမ့်မည်။ ခရီးသွားလုပ်ငန်းများ၊ တည်ခိုခန်းလုပ်ငန်းများ အေးနေလိမ့်မည်။ အချင်းချင်း တရားစွဲဆိုမှုများပြားလိမ့်မည်။ အမျိုးသမီးများ ကိုယ်ကျင့်တရားထိန်းသိမ်းရန် လိုအပ်လိမ့်မည်။ လောင်စာပစ္စည်းများ ဈေးနှုန်းတက်လိမ့်မည်။ အချို့အရပ်ဒေသတွင် မိုးရွာလိမ့်မည်။ စတော့ရှယ်ယာရောင်းဝယ်ရေးလုပ်ငန်းများ စတင်လိမ့်သည်။ မော်တော်ယာဉ်ဈေးနှုန်း၊ ခရီးသွားလုပ်ငန်းများ၊ မင်္ဂလာဆောင်သုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ ကျဆင်းတတ်သည်။ ပြည်သူလူထုတို့၏ အများပြည်သူသုံး ရံပုံငွေများ ကျဆင်းတတ်သည်။ အမျိုးသမီးများ ကျန်းမာရေးညံ့လိမ့်မည်။ ပဲမျိုးစုံဈေး ပြန်လည်ဦးမော့လာလိမ့်မည်။ ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာလိမ့်မည်။ လဆန်း (၁) ရက်နေ့ နေကြတ်သည်။ ဖမ်းစ – ၁၆ နာရီ ၂၉ မိနစ်။ နေကြတ်လျှက် နေဝင်သည်။

နတ်တော်လ ရွှေရောင်တင်လုပ်ငန်းများ၊ အထည်အလိပ်လုပ်ငန်းများ မီးနှင့်ပတ်သက်၍ လုပ်ရသောလုပ်ငန်းများ အေးဆေးနေလိမ့်မည်။ လုပ်ငန်းကျဆင်းတတ်သည်။ ကြည်းတပ်၊ ရေတပ်တွင် ကောင်းမွန်သော အကျိုးတရားများ ရရှိလိမ့်မည်။ ပြည်သူအများ ကောင်းကျိုးခံစားရလိမ့်မည်။ အချို့အရပ်ဒေသတွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များ၊ စာပေနှင့်အသိဉာဏ်များ တိုးတက်ဖွံ့ဖြိုးလိမ့်မည်။ နာမည်ကြီး ပုဂ္ဂိုလ်များဂုဏ်သိက္ခာချခံရတတ်သည်။ မူပိုင်ခွင့်နှင့်ပတ်သက်၍ အငြင်းအခုန်ပွားမှုများ ဖြစ်ပေါ်လိမ့်မည်။ တရားသဖြင့်ရှာရသော ဖြစ်ပေါ်လာသော အရာဝတ္ထုများ အနိုင်ကျင့်ခံရတတ်သည်။ ပြည်သူတို့ အခွန်ဘဏ္ဍာ ပေးဆောင်မှု တိုးတက်လာလိမ့်မည်။ နိုင်ငံတော်မှလည်း ကြွေးမြီများ ပေးဆပ်နိုင်လိမ့်မည်။ ဆီထွက်သီးနှံများဈေးနှုန်းကောင်းမွန်လိမ့်မည်။ သယ်ယူပို့ဆောင်ရေးဌာနများတွင် မတော်တဆ ထိခိုက်မှုများ၊ မီးဘေးအန္တရာယ်များကို အထူးသတိထား၍ ဆောင်ရွက်သင့်သည်။ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၊ မီဒီယာလုပ်ငန်းများ အေးဆေးနေလိမ့်မည်။ အချို့အရပ်ဒေသတွင် ကောက်ပဲသီးနှံများ မိုးမိတတ်သည်။ သတင်းစာ၊ ဂျာနယ်၊ ထုတ်ဝေသူများ ကျန်းမာရေးညံ့ဖျင်းတတ်သည်။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် အကျိုးအမြတ်ကောင်းများ ရရှိလိမ့်မည်။ တိုင်းပြည်၏ ဘဏ္ဍာရေး တိုးတက်လာလိမ့်မည်။ စားအုန်းဆီ၊ ပဲမျိုးစုံဈေးနှုန်းတိုးတက် ကောင်းမွန်လိမ့်မည်။

ပြာသိုလ ပြည်သူလူထုအပေါင်း ရောင့်ရဲမှုမရှိဘဲ ဖြစ်နေတတ်သည်။ စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်လိမ့်မည်။ ပါလီမာန်အဖွဲ့ဝင်များ ငြင်းခုံခိုက်ရန်ဖြစ်ပွားတတ်သည်။ နိုင်ငံတော်၏ အခွန်တော်ငွေအမြောက် အများ ရရှိလိမ့်မည်။ စနေဂြိုဟ်သည် အသွားမြန်နေသဖြင့် ဆင်းရဲသူများ ပိုမိုဆင်းရဲဒုက္ခရောက်ရတတ်သည်။ ဆန်စပါးဈေးကောင်းလိမ့်မည်။ ဂျုံဈေးအနည်းငယ်ကျတတ်သည်။ ကောက်ပဲစပါး ဆွဲအတတ်သည်။ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံဈေး မတည်မငြိမ်ဖြစ်တတ်သည်။ နိုင်ငံခြားမှ အဝယ်အေးနေလိမ့်မည်။ ဆန်စပါးစက်ရုံအသစ်များ တည်ထောင်မှုများလာလိမ့်မည်။ စပါးစိုက်ပျိုးမှုကို နိုင်ငံတော်မှ အားပေးအားမြှောက်ပြုလုပ်လိမ့်မည်။ နှမ်းဆီ၊ ထောပတ်၊ စားအုန်းဆီ၊ စားဆီဈေးနှုန်း အနည်းငယ်တက်လိမ့်မည်။ လောင်းကစားလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ ကျဆင်းတတ်သည်။ တိုင်းပြည်အုပ်ချုပ်သူများအတွက် ကောင်းမွန်သော ကာလဖြစ်သည်။

တပို့တွဲလ စက်သုံးဆီ၊ နှမ်းဆီ၊ ထောပတ်၊ ဆား၊ ဆန်စပါး၊ ဈေးနှုန်းကောင်းမွန်လိမ့်မည်။ ရွှေဈေးနှုန်း နေ့စဉ်ရက်စက် ကစားလိမ့်မည်။ မတ်ပဲ၊ ပဲနောက်၊ ဝါဂွမ်း ဈေးနှုန်းတို့သည် လပြည့်ကျော်လျှင် ကောင်းမွန်နေလိမ့်မည်။ ဆန်ရေစပါး မပေါမရှားရှိအုံ့၊ ကြာသပတေးဂြိုဟ်သည် မေထုန်ရာသီ၌ နောက်ပြန်ဆုတ်နေသဖြင့် အချို့သောအရပ်ဒေသများတွင် မိုးရွာအုံ့၊ တရားဥပဒေနှင့်ပတ်သက်သော ပဋိပက္ခများ သိက္ခာချခံရတတ်သည်။ ပြည်သူ့ ဘဏ္ဍာများ အလဟသဖြစ်မှုမှ ထိန်းသိမ်းနိုင်လိမ့်မည်။ စနေဂြိုဟ်သည် တူရာသီ၌ နောက်ပြန်ဆုတ်နေသဖြင့် ပြည်သူလူထုများစွာနှင့် ဆက်ဆံနေရသော ဌာနများရှိ ဝန်ထမ်းများနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးမှုများ ကြုံတွေ့ရတတ်သည်။ အချို့အရပ်ဒေသတွင် ရေမျှားရှားပါးတတ်သည်။ ပဲစင်းငုံ ဈေးနှုန်းတက်လိမ့်မည်။ အနောက်တိုင်းနိုင်ငံတို့တွင် ငတ်မွတ်ခေါင်းပါးလိမ့်မည်။ ယခုကာလတွင် ဆန်စပါးများ ဝယ်ယူသိုလှောင်သင့်သည်။ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများ၊ မြေယာဝယ်ယူရောင်းချရေးလုပ်ငန်းများ အကျိုးအမြတ်ကောင်းစွာ ရလိမ့်မည်။ နိုင်ငံရပ်ခြားသို့ ပညာသင်ယူမှုသွားရောက်သူ များပြားလိမ့်မည်။ ယာဉ်နှင့်ပတ်သက်သောလုပ်ငန်းများ၊ မိုင်းလုပ်ငန်းများ၊ သဘာဝဓါတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်းများတွင် အထူးသတိထား၍ လုပ်ကိုင်သင့်သည်။

တပေါင်းလ တင်လဲ ကြသကာ သေရည် အရက်မျိုးစုံ ဓာတ်သတ္တုမျိုးစုံ ဈေးကောင်းလိမ့်မည်။ အလှအပဆိုင်ရာပစ္စည်းများ ဈေးနှုန်းကစားတတ်သည်။ ဆန်ရေစပါး မပေါမရှားရှိတတ်သည်။ အင်္ဂါဂြိုဟ်သည် တူရာသီမှ ကန်ရာသီသို့ နောက်ပြန်ဆုတ်သဖြင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ ဝေဖန်မှုများလိမ့်မည်။ တရားမဝင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ရပ်တန့်သွားလိမ့်မည်။ အလုပ်သမားများ၏ လူနေမှု အဆင့်အတန်းတိုးတက်မြင့်မားလိမ့်မည်။ ထင်ပေါ်ကျော်ကြားသူများ၊ ဝတ္ထုရေးဆရာများ၊ ကျန်းမာရေးညံ့ဖျင်းတတ်သည်။ လောကီပညာရှင်များ ပေါများလာလိမ့်မည်။ ဆန်စပါးဈေး၊ အင်္ဂါနိုပစ္စည်းများဈေးနှုန်းကောင်းမွန်လိမ့်မည်။ လောင်စာဆီများ ဈေးနှုန်းတက်လိမ့်မည်။ ခရီးသွားလာရေးလုပ်ငန်းများတွင် ဈေးနှုန်းတိုးတက်လိမ့်မည်။ ရွှေဈေးနှုန်း၊ ကျဆင်းတတ်သည်။ ပညာရေးလုပ်ငန်းများ၊ သင်ကြားရေးလုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများ၊ ပြည်သူ့ဘဏ္ဍာရေး အခြေအနေများ၊ တိုးတက်ကောင်းမွန်လိမ့်မည်။ အချို့အရပ်ဒေသများတွင် ရာဇဝတ်မှုများ တိုးတက်များပြားလာလိမ့်မည်။ အားနည်းသော ဥပဒေပြဋ္ဌာန်းချက်များ ပြင်ဆင်ပြောင်းလဲရလိမ့်မည်။ လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များတွင် အပြင်းအထန်ငြင်းခုံဆွေးနွေးကြလိမ့်မည်။ စိန်ဈေးနှုန်း၊ မော်တော်ယာဉ်ဈေးနှုန်း အနည်းငယ်ကျဆင်းတတ်သည်။ ငွေလဲလှယ်မှုဈေးနှုန်း တည်ငြိမ်နေတတ်သည်။

အထူးသဖြင့် ဂျာနစ်တွင် လယ်ယာထဲရှိ သီးနှံအားလုံးသည် မျှားစွာသော မိုးရေယာဉ်တို့ကြောင့် ပျက်စီးတတ်၏။ ဘဏ္ဍာရေးနှင့် ပတ်သက်သော ရာဇဝတ်မှုများ၊ မှောင်ခိုရောင်းဝယ်ခြင်းလုပ်ငန်းများ၊ လိမ်လည်ခြင်း၊ အလွဲသုံးစား ပြုလုပ်မှုများ ကြုံတွေ့ရတတ်သည်။ မြေယာပေါ်တွင် ကောက်ယူသောအခွန်နှုန်းများ တိုးတက်လာတတ်သည်။ ဘဏ္ဍာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ အောင်မြင်လိမ့်မည်။

BURMESE CLASSIC

မြေသြဇာတက်၏။ မိုးဦးတံ့အုံ့၊ မိုးလယ်မိုးနောင်းကောင်းအုံ့၊ ရေကြီးအုံ့၊ ငါးသားအုံ့။ မိုးအကြိမ် (၇၀) ရွာအုံ့၊ မိကျောင်းရဲအုံ့၊ မြွေထူးအုံ့။ ကဆုန် – သီတင်းကျွတ် – တန်ဆောင်မုန်း၊ ပြာသို – တပို့တွဲ ဤငါးလကားပြည့်ရှင်မင်းတို့ထံလာဘ်သပ္ပကာရောက်အုံ့။ ကောက်ပဲသီးနှံကောင်းအုံ့၊ ဝပြောအုံ့၊ လူတို့အနာအဖျားများ၊ ကုန်အုံ့၊ တပေါင်းလမိုးသံကြားအုံ့၊ ကဆုန်လမှာရွာအုံ့၊ အပျက်အဆီးများအုံ့၊ ပြည်ရွာမီးလောင်ဖန်များအုံ့၊ ဇနပုဒ်တိုင်းကား ပုန်ကန်အုံ့။ ခိုက်ရန်များအုံ့၊ မင်းရဟန်း၊ ပုဏ္ဏား၊ မကောင်း။ အချင်းချင်း သတ်ကြလတံ့။ မုဒိန်းဂဏ္ဍာထူပြောအုံ့၊ ထိုနှစ်ဖွားသောသူကား ပညာလျင်အုံ့၊ ထက်မြက်အုံ့၊ ပိဋ္ဌကတ်ဗေဒင်တတ်ကုန်အုံ့၊ ဘုန်းတန်ခိုးအာနုဘော်ကြီးအုံ့၊ ဓောင်းမာန်ကြီးအုံ့၊ အခြေ ၄ ခု သခင်ဖြစ်အုံ့၊ ခိုက်ရန်မလို အသက် (၉၀) နေရအုံ့။

မိုးလအခါ သိရှိနှာမည်သောမိုးနတ်သားသည် လူမျိုးအများ၊ သားငါးတိရိစ္ဆာန်တို့အား သနားသဖြင့် ကယ်တင်ထောက်ပံ့သော မိုးတင်းကား လူပြည်၌ မိုး (၁) တင်း၊ သတ္တရာဘန်၌ မိုး (၆) တင်း၊ ဟိမဝန္တာ၌ မိုး (၅) တင်း၊ ကောင်းကင်၌ မိုး (၃) တင်း၊ သမုဒ္ဒရာ၌ မိုး (၆) တင်း၊ ***သတ္တရာဘန် နှင့် သမုဒ္ဒရာ၌ မိုးတင်းများသောကြောင့် နဂါး၊ ဂဠုန်တို့ မြှားတူးခြင်းလွန်အုံ့၊ နေရှိန်ညံ့အုံ့၊ မြောက်လေပြန်အုံ့၊ အချမ်းလွန်အုံ့၊ အနောက်မြောက်ထောင့်မှ မှန်တိုင်းလေပြင်း ထဇန်များအုံ့၊ မိုးသုံးပါးရွာအုံ့၊ သားကြီးငါးကြီးအသေများအုံ့။*

ဂန္ဓန္တရမိုးကိန်းအလိုကား မိုးဦးကောင်းအုံ့၊ မိုးလယ်–မိုးနောင်း တန်အုံ့၊ ရေဦး၊ ရေလယ်နည်းအံ့၊ ရေနောင်း ကြီးအုံ့။

တောင်သူလယ်သမားများအတွက်ကား မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၆) ရက် (၃၀–၅– ၂၀၁၃) ကြာသပတေးနေ့ ဗျောက်ဆိပ်ကြယ်ပေါ်၏။ ဝါဆိုလဆန်း (၁၀) ရက် (၁၇–၇– ၂၀၁၃) ဗုဒ္ဓဟူးနေ့ ကောက်ကြီးပျိုးကြဲရာ၏။ ဝါခေါင်လပြည့်ကျော် (၁၂) ရက် (၂–၉–၂၀၁၃) တနင်္လာနေ့ ဗျောက်ဆိပ်မွန်းတည့်၏။ တော်လပင်းလဆန်း (၁၃) ရက် (၁၇–၉– ၂၀၁၃) အင်္ဂါနေ့ တနင်္ဂနွေကံ ဆင့်၏။ သီတင်းကျွတ်လဆန်း (၁၄) ရက်(၁၈–၁၀– ၂၀၁၃) သောကြာနေ့ သရဝဏ်မွန်းတည့်၏။ သီတင်းကျွတ်လပြည့်ကျော် (၁၄) ရက် (၂–၁၁– ၂၀၁၃) စနေနေ့ ကောက်ကြီးကောက်သား ဝင်၏။ တန်ဆောင်မုန်း လဆန်း (၁၄) ရက် (၁၆–၁၁– ၂၀၁၃) စနေနေ့ မှုရင်းပျိုးကြဲရာ၏။ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက် (၁–၁၂– ၂၀၁၃) တနင်္ဂနွေနေ့ ဗျောက်ဆိပ် မြေလူးဝ၏။ ပြာသိုလဆန်း (၁၄) ရက် (၁၄–၁–၁၄) အင်္ဂါနေ့ နဂါးနေရောင်လွတ်၏။ ပြာသိုလပြည့်ကျော် (၁၄) ရက် (၂၉–၁– ၂၀၁၄) ဗုဒ္ဓဟူးနေ့ မှုရင်းကောက်သားဝင်၏။ နောက်ဆရာတို့ အလိုအရ တပို့တွဲလပြည့်ကော် (၁၄) ရက် (၂၈– ၂– ၂၀၁၄)သောကြာနေ့ မှုရင်းကောက်သားဝင်၏။ ဗုဒ္ဓကြယ် တမာပင်မင်းမှ၌ ဆူးဆောင်းပင် ဆူးလေပင်၌ ပဗ္ဗကြယ်ဝပ်၏။ သက္ကရာဇ်ဦးခေါင်း အနောက်သို့ပြု၏။ ဓာတ်ဦးခေါင်း အရှေ့သို့ပြု၏။ တနင်္လာနံ ထွန်း၍ ဗုဒ္ဓဟူးနံ ပုပ်၏။ လယ်ယာချောင်းကန်တူးခြင်း ထွန်ယက်ခြင်းတို့ကို ဗုဒ္ဓဟူးနေ့၌ အကြင်(၇)ရက်သားသမီးတို့သည် လုံးဝရှောင်ကျဉ်ရာ၏။ သက္ကရာဇ်ဦးခေါင်းတောင်သို့ပြု၏။ ဓာတ်ဦးခေါင်းအနောက်အရပ်သို့ပြု၏။ အင်္ဂါနံပုတ်၌ တနင်္ဂနွေနံထွန်း၏။ အထွန်းကိုဆောင်၍ အပုပ်ကိုရှောင်ရာ၏။

မလွှာမင်းတို့ အင်ကြင်းပင်စည်ပန်းဥယျာဉ်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သည့်နေ့မှစ၍ရေတွက်ခဲ့သော် သာသနာတော်နှစ်သည်(**၂၅၅၇**)ရှိပြီးဖြစ်၍ ကြွင်းသောသာသနာနှစ်သည် (**၂၄၄၃**)နှစ်ဖြစ်ရာ သာသနာတော် အတွင်းကြုံကြုံကြကြ ကုန်သော သူတော်ကောင်းတို့သည် ရတနာသုံးပါးကို အမြဲဆည်းကပ်လျက်၊ ဒါန၊ သီလ၊ ဘာဝနာအစရှိသော ကမ္မဋ္ဌာန်းတရားများ ပွားများအားထုတ်ကြကုန်လျက် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတပ္ပ တည်းဟူသော သူတော်ကောင်းတရားခုနှစ်ပါးတို့ကို ပွားများအားထုတ်ခြင်း ပြုကြကုန်ရာ၏။ (ဤကားသာသနာတော်နှစ်အလိုတည်း။) အမှားအယွင်းတွေ့ရှိကပြင်ဆင်ဖတ်ရှုပါ။

မြန်မာသက္ကရာဇ်၁၃၇၄–၁၃၇၅–ခုနှစ် 2013-ခုနှစ်

JAN	FEB	MAR	APR	MAY	JUN	JUL	AUG	SEP	OCT	NOV	DEC
1 ဂၢါ ၄	1 ကြာ ၆	1 ကြာ ၄	1 ၂လာ ၆	1 ၄ဟူး ၆	1 ၀တေန ၁	1 ၂လာ ၁	1 ၅တေး ၁၀	1 သနေ ၁၁	1 ဂၢါ ၁၂	1 ကြာ ၁၃	1 သနေ ၁၄
2 ၄ဟူး ၅	2 ၀စေန ၇	2 ၀စေန ၅	2 ဂၢါ ၇	2 ၅တေး ၇	2 သနေ ၈	2 ဂၢါ ၈	2 ကြာ ၁၁	2 ၂လာ ၁၂	2 ၄ဟူး ၁၃	2 ၀စေန ၁၄	2 ၂လာ ၁၅
3 ၅တေး ၆	3 သနေ ၈	3 သနေ ၆	3 ၄ဟူး ၈	3 ကြာ ၈	3 ၂လာ ၁၀	3 ၄ဟူး ၁၀	3 ၀စေန ၁၂	3 ဂၢါ ၁၃	3 ၅တေး ၁၄	3 သနေ ၁	3 ဂၢါ ၁
4 ကြာ ၇	4 ၂လာ ၈	4 ၂လာ ၇	4 ၅တေး ၈	4 ၀စေန ၈	4 ဂၢါ ၁၁	4 ၅တေး ၁၁	4 သနေ ၁၃	4 ၄ဟူး ၁၄	4 ကြာ ၁၅	4 ၂လာ ၂	4 ၄ဟူး ၂
5 ၀စေန ၈	5 ဂၢါ ၁၀	5 ဂၢါ ၈	5 ကြာ ၁၀	5 သနေ ၁၀	5 ၄ဟူး ၁၂	5 ကြာ ၁၂	5 ၂လာ ၁၄	5 ၅တေး ၁	5 ၀စေန ၁	5 ဂၢါ ၃	5 ၅တေး ၃
6 သနေ ၉	6 ၄ဟူး ၁၁	6 ၄ဟူး ၉	6 ၀စေန ၁၁	6 ၂လာ ၁၁	6 ၅တေး ၁၃	6 ၀စေန ၁၃	6 ဂၢါ ၁၅	6 ကြာ ၂	6 သနေ ၂	6 ၄ဟူး ၄	6 ကြာ ၄
7 ၂လာ ၁၀	7 ၅တေး ၁၂	7 ၅တေး ၁၀	7 သနေ ၁၂	7 ဂၢါ ၁၂	7 ကြာ ၁၄	7 သနေ ၁၄	7 ၄ဟူး ၁	7 ၀စေန ၃	7 ၂လာ ၃	7 ၅တေး ၅	7 ၀စေန ၅
8 ဂၢါ ၁၁	8 ကြာ ၁၃	8 ကြာ ၁၁	8 ၄ဟူး ၁၃	8 ၄ဟူး ၁၃	8 ၀စေနေ့ ၁၅	8 ၂လာ ၁	8 ၅တေး ၂	8 သနေ ၄	8 ဂၢါ ၄	8 ကြာ ၆	8 သနေ ၆
9 ၄ဟူး ၁၂	9 ၀စေန ၁၄	9 ၀စေန ၁၂	9 ၅တေး ၁၄	9 ၅တေး ၁၄	9 သနေ ၁	9 ဂၢါ ၂	9 ကြာ ၃	9 ၂လာ ၅	9 ၄ဟူး ၅	9 ၀စေနေ ၇	9 ၂လာ ၇
10 ၅တေး ၁၃	10 သနေ ၁၅	10 သနေ ၁၃	10 ကြာ ၁၅	10 ကြာ ၁	10 ၂လာ ၂	10 ၄ဟူး ၃	10 ၀စေန ၄	10 ဂၢါ ၆	10 ၅တေး ၆	10 သနေ ၈	10 ဂၢါ ၈
11 ကြာ ၁၄	11 ၂လာ ၁	11 ၂လာ ၁၄	11 ၅တေး ၁	11 ၀စေန ၂	11 ဂၢါ ၃	11 ၅တေး ၄	11 သနေ ၅	11 ၄ဟူး ၇	11 ကြာ ၇	11 ၂လာ ၉	11 ၄ဟူး ၉
12 ၀စေန ၁	12 ဂၢါ ၂	12 ဂၢါ ၁	12 ကြာ ၂	12 သနေ ၃	12 ၄ဟူး ၄	12 ကြာ ၅	12 ၂လာ ၆	12 ၅တေး ၈	12 ၀စေန ၈	12 ဂၢါ ၁၀	12 ၅တေး ၁၀
13 သနေ ၂	13 ၄ဟူး ၃	13 ၄ဟူး ၂	13 ၀စေန ၃	13 ၂လာ ၄	13 ၅တေး ၅	13 ၀စေန ၆	13 ဂၢါ ၇	13 ကြာ ၉	13 သနေ ၉	13 ၄ဟူး ၁၁	13 ကြာ ၁၁
14 ၂လာ ၃	14 ၅တေး ၄	14 ၅တေး ၃	14 သနေ ၄	14 ဂၢါ ၅	14 ကြာ ၆	14 သနေ ၇	14 ၄ဟူး ၈	14 ၀စေန ၁၀	14 ၂လာ ၁၀	14 ၅တေး ၁၂	14 ၀စေန ၁၂
15 ဂၢါ ၄	15 ကြာ ၅	15 ကြာ ၄	15 ၂လာ ၅	15 ၄ဟူး ၆	15 ၀စေန ၇	15 ၂လာ ၈	15 ၅တေး ၉	15 သနေ ၁၁	15 ဂၢါ ၁၁	15 ကြာ ၁၃	15 သနေ ၁၃
16 ၄ဟူး ၅	16 ၀စေန ၆	16 ၀စေန ၅	16 ဂၢါ ၆	16 ၅တေး ၇	16 သနေ ၈	16 ဂၢါ ၉	16 ကြာ ၁၀	16 ၂လာ ၁၂	16 ၄ဟူး ၁၂	16 ၀စေန ၁၄	16 ၂လာ ၁၄
17 ၅တေး ၆	17 သနေ ၇	17 သနေ ၆	17 ၄ဟူး ၇	17 ကြာ ၈	17 သနေ ၉	17 ၂လာ ၁၀	17 သနေ ၁၁	17 ၄ဟူး ၁၃	17 ၅တေး ၁၃	17 သနေ ၁၅	17 ဂၢါ ၁၅
18 ကြာ ၇	18 ၂လာ ၈	18 ၂လာ ၇	18 ၅တေး ၈	18 ၀စေန ၉	18 ဂၢါ ၁၀	18 ၄ဟူး ၁၁	18 ၂လာ ၁၂	18 ၅တေး ၁၄	18 ကြာ ၁၄	18 ၄ဟူး ၁	18 ၄ဟူး ၁
19 ၀စေန ၈	19 ဂၢါ ၉	19 ဂၢါ ၈	19 ကြာ ၉	19 သနေ ၁၀	19 ၄ဟူး ၁၁	19 ကြာ ၁၂	19 ၂လာ ၁၃	19 ၅တေး ၁၅	19 ၀စေန ၁၅	19 ဂၢါ ၂	19 ၅တေး ၂
20 သနေ ၉	20 ၄ဟူး ၁၀	20 ၄ဟူး ၉	20 သနေ ၁၀	20 ၂လာ ၁၁	20 ၅တေး ၁၂	20 သနေ ၁၃	20 ဂၢါ ၁၄	20 ကြာ ၁	20 သနေ ၁	20 ၄ဟူး ၃	20 ကြာ ၃
21 ၂လာ ၁၀	21 ၅တေး ၁၁	21 ၅တေး ၁၀	21 သနေ ၁၁	21 ဂၢါ ၁၂	21 ကြာ ၁၃	21 သနေ ၁၄	21 ၄ဟူး ၁၅	21 ၀စေန ၂	21 ၂လာ ၂	21 ၅တေး ၄	21 ၀စေန ၄
22 ဂၢါ ၁၁	22 ကြာ ၁၂	22 ကြာ ၁၁	22 ၂လာ ၁၂	22 ၄ဟူး ၁၃	22 ၀စေန ၁၄	22 ၂လာ ၁၅	22 ၅တေး ၁	22 သနေ ၃	22 ဂၢါ ၃	22 ကြာ ၅	22 သနေ ၅
23 ၄ဟူး ၁၂	23 စနေ ၁၃	23 ၀စေန ၁၂	23 ဂၢါ ၁၃	23 ၅တေး ၁၄	23 သနေ ၁၅	23 ဂၢါ ၁	23 ကြာ ၂	23 ၂လာ ၄	23 ၄ဟူး ၄	23 ၀စေန ၆	23 ၂လာ ၆
24 ၅တေး ၁၃	24 သနေ ၁၄	24 သနေ ၁၃	24 ၄ဟူး ၁၄	24 ကြာ ၁၅	24 ၂လာ ၁	24 ၄ဟူး ၂	24 ၀စေန ၃	24 ဂၢါ ၅	24 ၅တေး ၅	24 သနေ ၇	24 ဂၢါ ၇
25 ကြာ ၁၄	25 ၂လာ ၁၅	25 ၂လာ ၁၄	25 ၅တေး ၁၅